# ရွှေရောင်မွေးနေ့ရှင်

အရှင်ဉာဏိက




ဖေဖော်ဝါရီမွေးနေ့ရှင်တွေကို တွေ့တိုင်း ကိုယ် စနေကျ စကားရှိတယ်။ဒီလမှာ မွေးတဲ့သူတွေက သိပ်တော်တယ် သိလား။ ဥပမာ ကြည့်ပါလား။ အမေရိကန် သမတတွေထဲမှာဆိုရင်ကိုပဲ ပထမဆုံး အမေရိကန်သမတဖြစ်တဲ့ အမေရိကန်တို့ရဲ့ ဖခင်ကြီး ဂျော့ဝါရှင်တန်၊ နောက်ပြီး သမတကြီးလင်ကွန်း။ ဟင်နရီ ဟဲရစ်ဆင်နဲ့ သမတ ရော်နယ် ရေဂင်။ တို့နိုင်ငံမှာဆိုရင်လည်း တို့ရဲ့အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း။ ကဲ-နောက်ပြီး မင်းရောပေါ့-လို့။ အဲ၊ ဒါတင် ဘယ်ကမလဲ၊ နောက်တစ်ဦးလည်းရှိသေးတယ်။ အဲဒါ သိတယ် မဟုတ်လား။ ကိုယ်လေ။ ကိုယ်လည်း ဖေဖော်ဝါရီလမွေးပေါ့လို့ စလေ့ရှိပါတယ်။

ကိုယ်နဲ့ရင်းနှီးသူတွေထဲမှာလည်း ဖေဖော်ဝါရီလမွေးနေ့ရှင်တွေ တော်တော်များတယ်။ သူတို့တွေကလည်း မွေးနေ့ပွဲတွေ ကျင်းပတတ်လို့ ခုနောက်ပိုင်း သုံးလေးနှစ်အတွင်းမှာ အခြားလတွေထက် ဒီဖေဖော်ဝါရီလမှာ မွေးနေ့အကြောင်း သတိရမိတတ်ပါတယ်။ ဒါကြောင့် ခုဆို ဖေဖော်ဝါရီလ မွေးနေ့နဲ့စပ်ပြီး အမှတ်တရ ဆောင်းပါးလေးတွေ ရေးဖြစ်ခဲ့တာ ၂-နှစ်ရှိခဲ့ပြီ။ သူတို့မွေးနေ့တွေအတွက် သူတို့တွေက မှတ်မှတ်ရရ ကုသိုလ်ပြုလုပ်ကြ။ သူတို့က အာမိသဒါနဆိုတဲ့ ပစ္စည်းဝတ္ထုနဲ့ ကုသိုလ်ပြုကြသလို ကိုယ်ကလည်း ကိုယ်စွမ်းနိုင်တဲ့ ဓမ္မဒါနကုသိုလ် ပြုလုပ်ခြင်းပေါ့။ ဓမ္မနဲ့စပ်တဲ့ အသိဉာဏ်ကို မျှဝေခြင်းဟာ မြတ်သောတရား အလှူကိုပေးခြင်းပဲလေ။

နောက်ပြီး ကုသိုလ်လုပ်ကြတဲ့ မွေးနေ့ရှင်အတွက် လက်ဆောင်ပေးစရာ အခြားအထူးအထွေရယ်လို့ မရှိလေတော့ ကိုယ်သိထားတာလေးတွေကို မျှဝေပြီး ပေးဖို့စိတ်ကူးနဲ့ ခုလိုရေးဖြစ်ခဲ့တာ။ တရားလက်ဆောင်ပေါ့။ (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ- The gift of Dhamma excels all gifts- အလှူအားလုံး၊ လက်ဆောင်အားလုံးထဲမှာ တရားအလှူ၊ တရားလက်ဆောင်က အမြတ်ဆုံးတဲ့။ ဒီတော့ ကိုယ်ပေးတဲ့ လက်ဆောင်က (မင်း) ရသမျှ လက်ဆောင်ထဲမှာ အကောင်းဆုံးလို့ မှတ်ယူပေါ့နော)။

မွေးနေ့နဲ့ပတ်သက်ပြီး သတိရတဲ့စကားလေးတွေကိုလည်း အမှတ်တရ ပြန်ပြောပြချင်ပါတယ်။ ဒီအထဲမှာ ဘတ်ဖရော့တ်ဆိုသူကတော့ ပြောဖူးတယ်။ အမျိုးသားတစ်ယောက်အဖို့ အကောင်းဆုံးသော ဆက်ဆံရေးကောင်း သမားတစ်ဦးဖြစ်ချင်တယ်ဆိုလျှင်တော့ အမျိုးသမီးများရဲ့ မွေးနေ့ကို အမြဲတမ်း အမှတ်ရပါ။ ဒါပေမယ့် သူတို့ရဲ့ အသက်ကိုတော့ လုံးဝ သတိမရမိပါစေနဲ့တဲ့။ ကိုယ့်ဇနီးမယား မိတ်ဆွေမတွေရဲ့ မွေးနေ့ကို မေ့မေ့ရရ မေ့ဖြစ်အောင် မေ့တတ်ကြတဲ့ အမျိုးသားတွေအတွက် ပြောထားတဲ့စကားများလားတော့ မသိဘူးပေါ့။ ဒါပေမယ့် နည်း

နည်းလေး ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားကြည့်ရင်တော့ အဓိပ္ပါယ်လည်း နည်းနည်းပိုကျယ်လာပါတယ်။ ကိုယ့်ရဲ့ ထူးခြားတဲ့နေ့တစ်နေ့ကို အမှတ်နေခြင်းဆိုတာကို အများစုက နှစ်သက်သဘောကျကြမှာပါ။ ဒါပေမယ့်လည်း တပြိုင်တည်းမှာပဲ မေ့ထားရမယ့်အရာတွေကိုလည်း မေ့ပစ်နိုင်ဖို့တော့ လိုတယ်လို့လည်း ဆိုလိုချင်ဟန်ပါပဲ။ မမေ့သင့်တဲ့အရာကို မမေ့ဖို့လိုသလို မေ့သင့်တဲ့အရာတွေကို မေ့ပစ်မှသာလျင် ဘဝက အနေတော်လို့ နေပျော်ဖွယ်ဖြစ်လေမှာပါ။ မုန်းစရာဆိုတာက မေ့ရမယ့် အရာပဲလေ။

ငါ့အတွက်တော့ အသက်ကြီးသူဆိုတာ ငါ့ထက် အမြဲတမ်း နှစ်လေးဆယ်ကြီးတဲ့သူကို ခေါ်တာဆိုတဲ့စကားလေး ကလည်း နှစ်သက်စရာပဲ မဟုတ်လား။ တရားရှာရာမှာ စက္ကန့်ပိုင်း၊ မျက်စိတစ်မှိတ်၊ လက်တကွေးအတွင်းမှာ ဘဝဆုံးသွားနိုင်တယ်ဆိုတဲ့ စိတ်ထားမျိုးမွေးဖို့လိုပေမယ့် အခြားသော ပညာရှာ၊ စီးပွားရှာရာ နေရာမျိုးမှာတော့ ဘယ်သောအခါမှ မသေနိုင်ဖူးဆိုတဲ့ စိတ်ထားမျိုးထားရမယ်လို့ ဆိုကြတယ် မဟုတ်လား။ သတိထားဖို့လိုတာ ကတော့ စီးပွားရှာ၊ ပညာရှာတယ်ဆိုတာလည်း လောကကောင်းကျိုးဆောင် အလုပ်မျိုးကိုသာ ရည်ညွှန်းလို တယ် ဆိုတာကိုပါ။ မကောင်းစိတ်နဲ့ မတရားရှာဖွေတာမျိုးဆိုလျင်တော့ ဘယ်တော့မှာ မသေတော့ဘူးရယ်လို့ စိတ်ထားမျိုးထားဖို့ ဘယ်ပညာရှိ ကဝိကမှ ရည်ညွှန်းပေမယ် မဟုတ်ပါဘူး။ နောက်ပြီး လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး နှစ်မျိုးမှာ အချို့နေရာတွေအတွက် စိတ်ထားကို ခွဲခြားထားရမယ်လို့လည်း ပြောလို တာ ဖြစ်မှာပါ။ နေရာတကာ သံဝေဂသံတွေ ဆူညံမနေဖို့လည်း လိုအပ်တာပဲပေါ့။

အများစုသောသူတွေက လောကရေးရာတွေအတွက်ပဲ ရှာဖွေနေကြဆဲဖြစ်တာမို့ အသက်ကြီးသူဆိုတာ ကိုယ့် ထက် အနှစ်လေးဆယ်လောက်ကြီးတဲ့သူကိုပြောတာဆိုတဲ့ စကားလေးကလည်း လက်ခံရမယ့် စကားလေးပဲ မဟုတ်လား။ တကယ်လို့ သင်မွေးနေ့က ရွှေရတု၊ ဒါမှ မဟုတ်လို့ စိန်ရတုတွေ၊ ပတ္တမြားရတုတွေ၊ နဝရတ်ရတု တွေဖြစ်နေခဲ့လျင်တောင် အသက်ကြီးသူစာရင်းထဲမှာ သင် မပါနိုင်သေးဖူးဆိုတာ သေချာလိုက်စမ်းပါ။ သင့်မှာ လုပ်နိုင်တဲ့စွမ်းအားတွေ အများကြီး ရှိနေသေးတာ။ မေ့မထားပါနဲ့လေ။ အသက်ကြီးပြီလို့ ပြောတတ်ကြတဲ့ ကိုယ့်အောက်ငယ်ရွယ်သူတွေကို တွေ့ရတဲ့အခါတိုင်း ကိုယ်ပြောချင်ခဲ့တဲ့ ဒီစကားလေးကို ဒီနေရာမှာ ပြော လိုက်တာ။ အသက်ကြီးသူဆိုတာ သင့်ထက် အသက်လေးဆယ် ပိုကြီးသူကိုသာခေါ်တာ။ မှတ်ထားလိုက်ပါ။

ကုန်လွန်သွားတဲ့ နှစ်ဟောင်းကို ပြန်ပြောင်းစဉ်းစား တသလို့ မွေးနေ့ဆိုတာကို ကျင်းပတာထက် ရောက်လာ မယ့် နေ့သစ်တိုင်းဟာ မျှော်လင့်ဖွယ်ရာဆိုတဲ့ အတွေးနဲ့ မွေးနေ့ပွဲကို ကျင်းပတာမျိုးက ပိုတန်ဖိုးရှိမှာပါ။ တခါ ခါမှာ တစ်ခုခုအပေါ်မှာ ရှုမြင်ပုံလေးပြောင်းသွားရုံမျှနဲ့ အဓိပ္ပါယ်က အများကြီးပြောင်းလဲသွားနိုင်တယ်လေ။ ယောနိသော မနသိကာရ-သင့်တင့်စွာ နှစ်လုံးသွင်းခြင်းဆိုတာ ကောင်းမှုကောင်းရာတွေကို လုပ်ဖြစ်ဖို့အတွက် ရှေ့ပြေးစိတ်ထားပဲ မဟုတ်လား။ ဒါပေမယ့် ယောနိသော မနသိကာရ-သင့်တင့်စွာ နှလုံးသွင်းခြင်းဆိုတာ အရာ ရာတိုင်းအပေါ်မှာ အကောင်းချည်းသာ မြင်တတ်ရမယ်လို့ ဆိုလိုတာမဟုတ်ကြောင်းကိုလည်း နားလည်ဖို့ လိုပါ တယ်။ ဆိုးတဲ့အရာကို အဆိုးလို့ပဲ မှန်မှန်ကန်ကန်မြင်ပြီး အဲဒီအဆိုးအပေါ်မှာ သင့်တင့်တဲ့စိတ်ထား ထားတတ် အောင် ကိုယ့်ကိုယ်ကို ပြုပြင်ခြင်းနဲ့၊ အရာရာအပေါ်မှာ အကောင်းချည်းပဲလို့ မြင်တတ်တဲ့ အစွန်းရောက် အကောင်းမြင်ဝါဒ၊ ဒီသဘောနှစ်ခု အလွန်ကွာခြားကြောင်းကို ကောင်းကောင်းနားလည်ဖို့လည်း လိုအပ်ပါတယ်။ အစွန်းရောက် အဆိုးမြင်ဝါဒမှသာလျှင် ဒုက္ခဖြစ်စေနိုင်တာ မဟုတ်ပဲ၊ အစွန်းရောက် အကောင်းမြင်လွန်းခြင်း ဟာလဲ ပြဿနာကို တိုးပွားစေနိုင်ကြောင်း သိထားဖို့လိုမှာပါ။

အနောက်တိုင်း ပညာရှင်များကလည်း လူတစ်ယောက်ရဲ့ Attitude ဆိုတဲ့ သဘောထားကို ပြောင်းပေးနိုင်ရင် Behavior ဆိုတဲ့ အပြုအမူ၊ အပြောအဆိုတွေလည်း ပြောင်းလဲလာနိုင်ပါတယ်တဲ့။ ကိုယ့်မှာ မကောင်းတဲ့ အမူအကျင့်တွေရှိနေရင် ကိုယ့်သဘောထားကို အလျင်ပြောင်းခြင်းဖြင့် မကောင်းတဲ့ အမူအကျင့်တွေလည်း တဖြေးဖြေး ပြောင်းလဲလာနိုင်ပါလိမ့်မယ်လို့ ဆိုကြပါတယ်။ ဒါပေမယ့်လည်း ကိုယ်စွဲလမ်းလက်ခံထားတဲ့ သဘောထားတစ်ခုကို လွယ်လွယ်နဲ့ ပြောင်းဖို့ဆိုတာကလည်း လွယ်ကူတဲ့အရာမျိုးတော့လည်း မဟုတ်ဘူးပေါ့။ သို့ပေမယ့် မပြောင်းလဲလို့ မဖြစ်နိုင်တဲ့ အရာမျိုးဆိုတာတော့လည်း မရှိနိုင်ပါဘူး။

ဘယ်ပညာရှိမှ ပြန်လည်ငယ်ရွယ်ပါရစေလို့ ဆုတောင်းနေမှာ မဟုတ်ဘူး-လို့ တစ်ယောက်ကတော့ ဆိုပါတယ်။ ကုန်လွန်သွားခဲ့တဲ့အချိန်တွေကို တွေးပြီး နမြောနေတာထက် လက်ရှိအချိန်နဲ့ အနာဂတ်ကို တန်ဖိုးရှိရှိအသုံးချသူကိုသာလျင် ပညာရှိရယ်လို့ ဆိုလိုချင်ဟန်ပါပဲ။ တစ်ယောက်ကတော့ ပြောတယ်။ လူဆိုတာ ဝိုင်လိုပါပဲတဲ့။ နှစ်ကြာလေ တန်ဖိုးတက်လေပါတဲ့။ အင်း လူဆိုတာဝိုင်တစ်ပုလင်း မဟုတ်လို့ ဝိုင်တစ်ပုလင်းလို ဂိုထောင်ထဲ လှောင်ထားရုံ သက်သက်နဲ့တော့ သူ့အလိုလို တန်ဖိုးတက်လာမယ် မဟုတ်ပေဘူးပေါ့။ အသက်တွေကြီးလာတာနဲ့အမျှ တန်ဖိုးတက်တဲ့သူတွေဖြစ်အောင် နေဖို့တော့ လိုမှာပေါ့။ ဒါမှသာ သူပြောသလို လူဆိုတာ ဝိုင်လိုပဲ ဆိုတာ ဖြစ်နိုင်မယ်လေ။

မွေးနေ့ကုသိုလ်ပြုလုပ်ကြသူတွေထဲမှာ အများအားဖြင့် ကိုယ့်အောက်ငယ်ရွယ်သူတွေသာများတာမို့ သူတို့တွေကို သူတို့ကိုယ်သူတို့ ရင့်ရော်သူ၊ အသက်အရွယ်ကြီးသူတွေရယ်လို့ တွေးထင်မိစေမှာမျိုးကို ကိုယ်ကတော့ မလိုလားဘူး။ မွေးနေ့ကို အကြောင်းပြုလို့ ကုသိုလ်ဖြစ်ဖွယ်အလုပ်တွေကို ပိုလုပ်စေချင်အောင်။ ကိုယ့်အကျိုး၊ အများအကျိုးကို ပိုမိုဆောင်ရွက်စေနိုင်အောင်ပဲ အားပေးချင်တယ်။ သူတို့တွေအနေနဲ့ အသက်တစ်နှစ် ကြီးတိုင်း ကြီးတိုင်း၊ ငါတစ်နှစ် ပိုအိုစလာပြီလို့ ကိုယ့်ကိုယ်ကို ထင်မိတာထက် တစ်နှစ်ကြီးလာတာဟာ အသိတွေတစ်နှစ်စာ ပိုကြွယ်လာတာ။ စိတ်ထားတွေလည်း တစ်နှစ်စာ ပိုရင့်ကျက်လာတာလို့ပဲ တွေးမိစေချင်ပါတယ်။ အသိတွေ ပိုကြွယ်လာ၊ စိတ်ထားတွေ ပိုရင့်ကျက်လာတာကြောင့်  ကြွယ်ဝရင့်ကျက်လာသူတွေမှသာ လုပ်နိုင်တဲ့ အလုပ်မျိုးကိုလည်း ပိုလုပ်နိုင်လာတယ်၊ လုပ်လည်း လုပ်ရမယ်ဆိုတဲ့ အသိမျိုးသာ ဝင်လာစေချင်ပါတယ်။

အချိန်နဲ့လူဆိုတာက ကျားတစ်ပွဲ ကစားသလိုပဲလေ။ နိုင်သူ စားစတမ်းပေါ့။ အချိန်ကို ကိုယ်က အကျိုးရှိရှိ အသုံးချနိုင်ရင် ကိုယ်က အချိန်ကို စားနိုင်ခြင်းပေါ့။ ဒါမှမဟုတ်လို့ ကိုယ်က အချိန်ကို တန်ဖိုးရှိစွာ အသုံးမချနိုင်လျင်တော့ အချိန်က ကိုယ့်ကိုစားခြင်းပဲလေ။ ဒီတော့ စားမလား၊ အစားခံမလားဆိုတာကတော့ ကိုယ့်ဘဝရဲ့ တန်ဖိုးကို ကိုယ်ဘယ်လို သတ်မှတ်မလဲဆိုတဲ့ ကိုယ့်ရဲ့လက်ခံ ယုံကြည်မှုအပေါ်မှာသာ မူတည်မှာပါ။ ကိုယ်ကတော့ အားလုံးကို ရွှေရောင်မွေးနေ့ပိုင်ရှင်များချည်းသာ ဖြစ်စေချင်တာပါ။ တကယ်ပါ။ မင်းက တကယ့်ကိုမှ တန်ဖိုးထိုက်တဲ့ မွေးနေ့ရှင် တစ်ယောက်ဖြစ်မယ်ဆိုတာကိုလည်း ကိုယ်က ယုံကြည်လျက်သာပါ။ ။